# ကလေး တဟုန်ထိုးကြီးထွားချိန်တွေမှာ ဘာဖြစ်တတ်သလဲ။

- ကလေးတဟုန်ထိုးကြီးထွားချိန်တွေကတော့ အများအားဖြင့် ၁ ပါတ်၊ ၃ ပါတ်၊ ၅-၆ ပါတ်၊ ၃-၄ လ၊ ၅-၆ လ နဲ့ ၉ လဝန်းကျင်တို့ဖြစ်လေ့ရှိပေမယ့် ဘယ်အချိန်မဆိုလည်း ဖြစ်နိုင်တယ်။
- အဲဒီလိုတဟုန်ထိုးကြီးထွားချိန်တွေမှာ ကလေးတွေဟာ ခဏ ခဏ (တစ်နာရီတစ်ခါ) တောက်လျှောက် နို့တောင်းစို့နိုင်တယ်။ ဂျီကျနိုင်တယ်။ အိပ်ချိန်ပုံစံတွေ ပြောင်းနိုင်တယ်။ ဒီလိုဖြစ်တာ ၁-၃ ရက်၊ တစ်ခါတစ်လေ ၁ ပါတ်အထိ ကြာနိုင်တယ်။
- ကလေးက ခဏခဏ နို့စို့တဲ့အတွက် မေမေ့ကိုယ်ခန္ဓာက နို့ပိုထွက်ခြင်းအားဖြင့် တုန့်ပြန်လိမ့်မယ်။
- မိခင်နို့မှတစ်ပါး အခြားဘာမှ မတိုက်ကျွေးမိပါစေနဲ့။ ကလေးကို ဖော်မြူလာနို့မှုန့်၊ ဖျော်ရည်၊ ရေ၊ စီရီယယ်လို အခြားအစားအစာတွေတိုက်ကျွေးမိရင် မေမေနို့ထွက်တာ နည်းသွားလိမ့်မယ်။

# ကျွန်မ နို့ရည်များများထွက်အောင် ဘာလုပ်ရမလဲ။

- ကလေးက နို့တောင်းစို့တိုင်း၊ ဗိုက်ဆာတိုင်း မိခင်နို့တိုက်ပါ။
- တစ်ရက်ကို အနည်းဆုံး ၈– ၁၂ ကြိမ် မိခင်နို့တိုက်ပါ။
- မေမေ့ရင်သားတွေပြည့်တင်းလာတဲ့အချိန်အထိ မစောင့်ပါနဲ့။
- ရင်သားတစ်ဘက်စီမှာ ကလေးနို့စို့ချင်နေသရွေ့ အချိန်ဘယ်လောက်ကြာကြာ နို့တိုက်ပါ။
- ကလေး နို့တစ်ခါစို့တိုင်း ရင်သားနှစ်ဘက်စလုံးပေးစို့ပါ။
- မိခင်နို့မှတစ်ပါး အခြားအစားအသောက်တွေ၊ ချိုလိမ်တွေ မပေးပါနဲ့။
- မိခင်နို့တိုက်ကျွေးရေး ကျွမ်းကျင်သူဆီက အကူအညီရယူပါ။